တရားမဆိုင်ရာ (စီရင်ချက်ပုံစံ) ၁၃၁။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၈၁

၂၀၁၈ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃၆ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်စွဲပါ ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်အပေါ် တင်သွင်းသောပြင်ဆင်မှု

ဦးစိုးဝင်း (ခ) ဦးမောင်စိုး နှင့် ဦးသိန်းဇော်

**လျှောက်ထားသူ** **လျှောက်ထားခံရသူ**

လျှောက်ထားသူအတွက် - ဦးကျော်ဇေယျာ၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဦးနေလင်းအောင်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်

ရေကြည်မြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၂ တွင် ဦးစိုးဝင်း (ခ) ဦးမောင်စိုးက ဦးသိန်းဇော်အပေါ် စိုက်ပျိုးရေးသုံးဆေးပစ္စည်းဖိုး ငွေကျပ် ၇၇၄၄၀၀၀/- ရလိုမှုစွဲဆိုရာ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။ တရားပြိုင်က ပုသိမ်ခရိုင်တရားရုံးသို့ ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၁၈ ဖြင့် အယူခံဝင်ရောက်ရာ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး တရားလိုစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။ တရားလိုက ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၈ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃၆ ဖြင့် အယူခံဝင်ရောက်ရာ မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး တရားပြိုင်မှ တရားလိုသို့ ကျန်ငွေကျပ် ၆၈၈၈၄၀၀/- ပေးဆပ်စေရန် ဒီကရီချမှတ်သဖြင့် တရားလိုက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

တရားလိုက ၎င်းသည် စည်သူထွန်းအမည်ဖြင့် ပဲမျိုးစုံနှင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်းရောင်းဝယ်ရေးလုပ်ကိုင်သူဖြစ်ပြီး တရားပြိုင်မှာ ၎င်းထံမှ စိုက်ပျိုးရေးသုံးပစ္စည်းကိုယူ၍ တစ်ဆင့်ပြန်လည်ရောင်းချသူဖြစ်ကြောင်း၊ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် စိုက်ပျိုးရေးသုံးဆေး

များနှင့်ခါတ်မြေသြဇာများကို တရားပြိုင်က ရယူခဲ့ကြောင်း၊ ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် ဆေးဖိုးငွေ ကြွေးကျန်ကျပ် ၇၇၄၄၀၀၀/- ရှိသဖြင့် စာရင်းရှင်းလင်းရာ တရားပြိုင်ကဝန်ခံပြီး ၂၅-၁၂-၂၀၁၅ ရက်နေ့တွင် ပေးသွင်းမည်ဟု ဦးအောင်ပြည့်စုံ၊ ဦးအေးမင်းစိုးတို့ရှေ့တွင် စာချုပ်ချုပ်ဆို လက်မှတ်ထိုးပေးခဲ့ကြောင်း၊ ချိန်းဆိုသည့်နေ့တွင် တရားပြိုင်မှ ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် စွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုသည်။

တရားပြိုင်က တရားလိုထံမှ စိုက်ပျိုးရေးသုံးဆေး နှင့် ခါတ်မြေသြဇာများကို ကော်မရှင်စနစ်ဖြင့်ယူ၍ ရောင်းပေးခြင်းဖြစ်ကြောင်း၊ တောင်သူများ သီးနှံပေါ်ချိန်တွင် ကြွေးတောင်းပေးရပြီး ရရှိသည့်ငွေပေါ်တွင် အကျိုးအမြတ်ကို တရားလိုမှ ခွဲဝေပေးခြင်းဖြစ်ကြောင်း၊ အချို့မှာ ငွေပေးဆပ်နိုင်ခြင်းမရှိသဖြင့် ကြွေးကျန်ခြင်းဖြစ်ပြီး ကြွေးကျန်သူများနှင့် အခြားသူများကို ထပ်မံရောင်းချသဖြင့် ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် ကြွေးကျန်ငွေကျပ် ၇၇၄၄၀၀၀ /- ကျန်ရှိနေခြင်းဖြစ်ကြောင်း၊ ထိုကြွေးကျန်များကို တရားပြိုင်မှ တောင်းခံပေးရန်အတွက် ဟန်ဆောင်စာချုပ် ချုပ်ဆိုပေးခဲ့ရခြင်းဖြစ်ကြောင်း၊ တရားလိုပေးပို့သည့် အကြောင်းကြားစာအရ ကြွေးကျန်များကို ကောက်ခံခဲ့ရာတွင် တောင်သူများအသုံးမပြုသေးသည့် ပစ္စည်းများကို တရားလိုထံ ပြန်လည်ပေးပို့ခဲ့ပြီး စပါးခြွေလှေ့စက်နှင့် ဂွန်ဒေါင်းတစ်စီးတို့ကို အကြွေးဖြင့်သိမ်းယူ၍ စာရင်းရှင်းလင်းရန်ပြောခဲ့သော်လည်း တရားလိုမှ ရှင်းလင်းပေးခြင်းမရှိကြောင်း၊ ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် စာရင်းရှင်းလင်းရာ တရားပြိုင်က ငွေကျပ် ၇၇၄၄၀၀၀/- ပေးရန်ရှိသည်ဟု ပေါ်ပေါက်ကြောင်း၊ ၂၈-၂-၂၀၁၅ ရက်နေ့တွင် ပစ္စည်းအမျိုးအမည် (၄၀) ကို ပြန်လည်ပေးသွင်းခဲ့ရာ တန်ဖိုးငွေကျပ် ၄၇၅၁၆၀ /- ကို ပေးသွင်းခဲ့ပြီးဖြစ်သည့်အပြင် ရိတ်သိမ်းစက်တစ်လုံး၊ ဂွန်ဒေါင်းစက်တစ်လုံးတို့ကိုလည်း တန်ဖိုးငွေကျပ် ၃၆ သိန်းဖြင့် ၁-၈-၂၀၁၅ ရက်နေ့၌ ပေးသွင်း ခဲ့ရာ စာရင်းရှင်းလင်းမှုမရှိသဖြင့် တရားစွဲဆိုခွင့်မရှိကြောင်း ချေပခဲ့သည်။

ရေကြည်မြို့နယ်တရားရုံးက တရားပြိုင်မှ ခြွေလှေ့စက်၊ ဂွန်ဒေါင်းစက်တန်ဖိုး ကျပ် ၃၆ သိန်းပေးခြင်းမှာ ဦးအောင်ဇော်ဦးထံမှ ရရန်ရှိသည့်ငွေအတွက် စာရင်းရှင်းလင်းခြင်းဖြစ်ပြီး ဝန်ခံကတိပြုသည့်စာချုပ်မတိုင်မီက ငွေများဖြစ်ကြောင်း၊ ကျန်သည့်ပစ္စည်းများကိုလည်း စာချုပ်ပြီးနောက်ပိုင်းတွင်မှ ပေးခဲ့ခြင်းဖြစ်ကြောင်းသုံးသပ်၍ တရားပြိုင်က ငွေကျပ် ၇၇၄၄၀၀၀/- ကို စရိတ်နှင့်ပြန်လည်ပေးဆပ်စေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပုသိမ်ခရိုင်တရားရုံးက တောင်သူများမသုံးစွဲသည့် ဆေးအမည် (၄၀) ကို တရားပြိုင်က ပြန်လည်အပ်နှံခဲ့ခြင်းအပေါ် စာရင်းရှင်းလင်းခြင်းမရှိဘဲ သက်သေခံ (က) စာချုပ်ကို အားကိုးအားထားပြုပြီး စွဲဆိုခြင်းဖြစ်သဖြင့် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး တရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က တရားပြိုင်ပြန်သွင်းငွေမှာ ကျပ် ၄၇၅၁၆၀ /- ဖြစ်ကြောင်း တွေ့ရသော်လည်း စာချုပ် ချုပ်ပြီးနောက်ပိုင်းမှ ပေးသွင်းခြင်းဖြစ်ကြောင်း စပါးခြွေလှေ့စက်တစ်လုံးနှင့် ဂွန်ဒေါင်းစက်တစ်လုံးတို့ကိုလည်း စာချုပ် ချုပ်ပြီးမှ ပေးသွင်းခြင်းဖြစ်ကြောင်း၊ စက်ကိုတန်ဖိုးငွေကျပ် ၃၆ သိန်းသတ်မှတ်ပြီး တရားလိုအတွက်

ငွေကျပ် ၁၃ သိန်း၊ တရားပြိုင်အတွက် ငွေကျပ် ၂၃ သိန်းခုနှိမ်ပေးခဲ့သည်ဟု ကိုအောင်ဇော်ဦး (လိုပြ - ၅) က ထွက်ဆိုသဖြင့် တရားပြိုင်က ပြန်ပေးသည့်တန်ဖိုးမှာ ငွေကျပ် ၂၃ သိန်းဟု ပေါ်ပေါက်ကြောင်း၊ ငွေကျပ် ၇၀၅၅၁၆၀/- ပြန်ပေးပြီးဖြစ်သဖြင့် ထပ်မံပေးရန် ငွေကျပ် ၆၈၈၈၄၀ /- ကျန်ရှိကြောင်း သုံးသပ်၍ မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး တရားပြိုင်မှ ငွေကျပ် ၆၈၈၈၄၀ /- ပြန်လည်ပေးဆပ်ရန် ပြင်ဆင်၍ ဒီကရီ ချမှတ်ခဲ့သည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက သက်သေခံ (က) စာချုပ်အရ တရားပြိုင်မှ တရားလိုသို့ ငွေကျပ် ၇၇၄၄၀၀၀/- ပြန်ပေးရန်ရှိကြောင်း ထင်ရှားနေပြီး စာရင်း ရှင်းလင်းပြီးဖြစ်သဖြင့် စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့ခြင်းမရှိသည်မှာ မှားယွင်းနေကြောင်း၊ တရားပြိုင်တင်ပြသည့် သက်သေခံ (၁) မှ (၁ - ဃ) ထိ ပစ္စည်းများကို စာချုပ်ပြီးနောက်မှ ပြန်သွင်းသည်မှန်သော်လည်း စာချုပ်စဉ်ကပင် ထည့်သွင်းရှင်းလင်းထားခြင်းဖြစ်ပြီး နောက်ပိုင်း တွင်မှ ပြန်သွင်းခြင်းအတွက် ပြေစာဖြတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ သက်သေခံ (က) စာချုပ်တွင် ငွေပြန်ပေးဆပ်ရန်သာပါရှိပြီး ဆေးပစ္စည်းများပြန်သွင်းမည်ကို လက်ခံမည်ဖြစ်ကြောင်း ကတိပဋိညာဉ်လည်းမပါရှိကြောင်း၊ သက်သေခံ (က) စာချုပ်အရ ငွေကျပ် ၇၇၄၄၀၀၀/- ပြန်လည်ပေးဆပ်ရမည်ဖြစ်ရာ ငွေကျပ် ၆၈၈၈၄၀ /- ကို ပြန်လည်ပေးဆပ်စေရန် ဒီကရီချမှတ် ခြင်းမှာ မှားယွင်းနေသဖြင့် ပြင်ဆင်တည့်မတ်ပေးစေလိုကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ တရားလွှတ်တော်ရှေ့နေက ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် တရားပြိုင်မှ ပြန်လည်ပေးဆပ်ရန်ငွေကျပ် ၇၇၄၄၀၀၀/- ဖြစ်သည်ကို ငြင်းဆိုခြင်းမရှိကြောင်း၊ ၂၈-၂-၂၀၁၅ ရက်နေ့တွင် တရားပြိုင်မှ ပြန်လည်ပေးသွင်းသည့် ပစ္စည်းများကို တရားလိုက လက်ခံရယူခဲ့ပြီး ပစ္စည်းတန်ဖိုးငွေကျပ် ၄၇၅၅၁၆၀ /- ဟုလည်း ဝန်ခံထွက်ဆိုထားကြောင်း၊ ၁-၈-၂၀၁၅ ရက်နေ့က စပါးရိတ်သိမ်းခြွေလှေ့စက်နှင့်လယ်ယာသုံးထွန်စက်တစ်လုံးလည်း ပေးအပ် ခဲ့ရာ တန်ဖိုးငွေကျပ် ၂၃ သိန်းကို ရရန်ရှိသည့်ငွေမှ ခုနှိမ်သည်ဟု တရားလိုက ဝန်ခံထွက်ဆို ထားကြောင်း၊ တရားလိုထံသို့ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၀၅၅၁၆၀/- ပေးသွင်းပြီး ဖြစ်၍ ကျန်ငွေ ကျပ် ၆၈၈၈၄၀ /- ဖြစ်သည်မှာ မှန်ကန်သဖြင့် အတည်ပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် တရားလိုသည် စိုက်ပျိုးရေးသုံးဆေးနှင့် ဓာတ်မြေဩဇာများရောင်းချသူ ဖြစ်ပြီး တရားပြိုင်က ကော်မရှင်စနစ်ဖြင့် တစ်ဆင့်ပြန်လည်ရောင်းချသူဖြစ်သည်ဟုတွေ့ရသည်။ တရားလိုတင်ပြသည့် သက်သေခံ (က) စာချုပ်အရ ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် တရားပြိုင်က တရားလိုသို့ ပေးဆပ်ရန်ငွေကျပ် ၇၇၄၄၀၀၀ /- ဖြစ်ကြောင်းတွေ့ရပြီး ဤအချက်ကို တရားပြိုင် က ငြင်းဆိုခြင်းမရှိပေ။

၂၈-၂-၂၀၁၅ ရက်နေ့တွင် တောင်သူများမသုံးစွဲသည့် ဆေးပစ္စည်းအမျိုးအမည် (၄၀) ကို တရားပြိုင်က တရားလိုသို့ တန်ဖိုးငွေကျပ် ၄၇၅၅၁၆၀/- ဖြင့် ပြန်လည်ပေးသွင်းခဲ့ ကြောင်း တွေ့ရသည်။ ပြန်ပို့သည့် စာရင်းကိုလည်း သက်သေခံ (၁) မှ (၁ - ဃ) ထိ တင်ပြထား သည်။ ထိုသို့ပြန်သွင်းကြောင်း တရားလိုက ငြင်းဆိုခြင်းမရှိသော်လည်း ထိုပစ္စည်းများမှာ စာရင်း

ရှင်းလင်းပြီးသည့်ပစ္စည်းများဖြစ်ပြီး ပြန်သွင်းချိန်တွင် ဘောက်ချာပေးခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ သို့ရာတွင် ပြန်သွင်းသည့်ပစ္စည်းများသည် စာရင်းရှင်းလင်းရာတွင် ပါဝင်ကြောင်း ခိုင်လုံသည့် သက်သေခံချက်မရှိပေ။ သက်သေခံ (က) စာချုပ် ချုပ်ဆိုသည်မှာ ၂၈-၁၀-၂၀၁၄ ရက်နေ့ဖြစ်ပြီး ၂၈-၂-၂၀၁၅ ရက်နေ့တွင် ပစ္စည်းများပြန်သွင်းခဲ့သည်ဖြစ်ရာ အချိန်ကာလအားဖြင့် (၄) လခန့် ကွာခြားနေသည်ဖြစ်၍ ထိုပြန်သွင်းသည့်ပစ္စည်းများသည် စာရင်းရှင်းလင်းပြီးဖြစ်သည်ဟုလည်း ကောက်ယူနိုင်မည်မဟုတ်ပေ။ ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် တရားပြိုင်က ငွေများပေးဆပ်ရန် ကျန်ရှိနေသဖြင့် ၂၈-၂-၂၀၁၅ ရက်နေ့၌ ပစ္စည်းများပြန်သွင်းခြင်းမှာ ကျန်ငွေကို ခုနှိမ်ပေးဆပ်ရန် ဖြစ်သည်ဟုသာဆိုရမည်။

ထို့အပြင် ၁-၈-၂၀၁၅ ရက်နေ့တွင်လည်း တရားပြိုင်က စပါးရိတ်သိမ်းခြွေလှေ့စက် တစ်လုံးနှင့် ဂွန်ဒေါင်းလယ်ယာသုံးထွန်စက်တစ်လုံးလည်း ပေးအပ်ခဲ့ကြောင်း တွေ့ရသည်။ စက်ပစ္စည်းများကိုတန်ဖိုးငွေကျပ် ၃၆ သိန်းသတ်မှတ်ပြီး ငွေကျပ် ၁၃ သိန်းကို တရားလိုအတွက် ပေးရန်နှင့် ကျပ် ၂၃ သိန်းကို တရားပြိုင်အတွက် ပေးခြင်းဖြစ်ကြောင်း စက်ပစ္စည်းများပေးသူ ကိုအောင်ဇော်ဦးက ထွက်ဆိုသည်ကို တွေ့ရသည်။ ထိုစက်ပစ္စည်းများကို တရားပြိုင်က တရားလို သို့ ပေးခဲ့ခြင်းဖြစ်သဖြင့် တရားပြိုင်က ငွေတန်ဖိုးကျပ် ၂၃ သိန်းကို ပြန်လည်ပေးဆပ်ခြင်းဖြစ် သည်ဟု ကောက်ယူရမည်သာဖြစ်သည်။

၂၈-၁၀-၂၀၁၄ ရက်နေ့တွင် တရားပြိုင်က တရားလိုသို့ ငွေတန်ဖိုးကျပ် ၇၇၄၄၀၀၀/- ပြန်လည်ပေးဆပ်ရန်ရှိသော်လည်း ၂၈-၂-၂၀၁၅ ရက်နေ့တွင် တန်ဖိုးငွေကျပ် ၄၇၅၁၆၀/- ရှိ ဆေးပစ္စည်းများ ပြန်လည်ပေးဆပ်ခြင်း၊ ၁-၈-၂၀၁၅ ရက်နေ့တွင် တန်ဖိုးငွေကျပ် ၂၃ သိန်းကို စက်ပစ္စည်းများပေးအပ်ခဲ့ခြင်းတို့ကြောင့် တရားပြိုင်မှ ငွေကျပ် ၆၈၈၈၄၀/- ပြန်လည်ပေးဆပ်ရန် ကျန်ရှိသည်ဟု ပေါ်ပေါက်သည်။

သို့ဖြစ်၍ တရားပြိုင်မှ ငွေကျပ် ၆၈၈၈၄၀ /- ကို ပြန်လည် ပေးဆပ်စေရန် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ဒီကရီချမှတ်ခဲ့ခြင်းမှာ မှားယွင်းမှုတစ်စုံတစ်ရာရှိ ကြောင်း မတွေ့ရသဖြင့် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိချေ။

ထို့ကြောင့် [ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်သည်။]

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀/- သတ်မှတ်သည်။

( သာဌေး )

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး